တံခွန်တိုင်
စာအုပ်တိုက်

# လွန်းထားထား

(ဆေးတက္ကသိုလ်)

# ကြယ်စင်ကိုရင်ဘတ်နဲ့မျှားတဲ့သူ

ပြင်းပြင်းရှရှခံစားမှု အချစ်လုံးချင်းဝတ္ထုသစ်



DESIGN LUZAWHTIT PICA MEDIA 09 50 60260

# အချစ်ကို
# ရှာဖွေတွေ့ရှိခြင်း

သူ . . .

မိန်းမတစ်ယောက်ဟာ . . .

အချစ်ကို . . .

စတင်တွေ့ရှိတဲ့အချိန်မှာ . . .

သူမရဲ့ မျက်ဝန်းထဲမှာ . . .

မျက်ရည်နဲ့ စတင်စိုစွတ်ပြီး . . .

ယောက်ျားကတော့ . . .

အချစ်ကို . . .

ရယ်မောခြင်းနဲ့ . . .

စတင်တွေ့ရှိတတ်ပါတယ် . . .။

လွန်းထားထား

(ဆေးတက္ကသိုလ်)

ကြယ်စင်ကို ရင်ဘတ်နဲ့ မျှားတဲ့သူ

သူဟာ. . .

ကြယ်စင်ကိုမျှားဖို့ . . .

လရောင်အောက်မှာ . . .

ရင်ဘတ်ကိုဖွင့်ပြီး . . .

တစ်ညလုံးစောင့်နေခဲ့သူပါ . . .၊

ရုတ်တရက် . . .

ဆံပင်ရှည်ရှည်နဲ့ ကြယ်စင်မကလေး . . .

သူ့ရင်ခွင်ထဲ ဖြုတ်ခနဲ ခုန်ဆင်းလာတော့ . . .

ဒါကို အိပ်မက်လို့ သူထင်ပြီး . . .

ဆုတောင်းဖို့ မေ့နေသေးတယ် . . .

ဒါဟာ . . . အိပ်မက်မဟုတ်ဘူးလို့ . . .

သူသိလိုက်တဲ့အချိန်ကျတော့

ကြယ်ကြွေမ . . .လှလှကလေးက . . .

သူ့ရင်ခွင်ထဲမှာ . . . တခေါခေါနဲ့

အိပ်မောတောင်ကျလို့”

"ကိုယ်ကချစ်တိုင်း

သူ တုန့်ပြန်ရမယ်လို့...

ဘယ်သူ ပြောသလဲ၊

ဒါပေမယ့် သူ လိုချင်တဲ့အချစ်ကိုတော့ သူ့ကို

ရစေချင်သား"

"မင်းမူပိုင်"



# အခန်း - ၁

ကန်တော်ကြီး ဥယျာဉ်ထဲမှာ ဒီနေ့ စနေနေ့မို့ လူတော်တော် စည်ကားနေသည်။ သူတို့ အုပ်စုလေးက အရိပ်လည်းရပြီး . . . ကလို့ကောင်းမည့်နေရာကလေးကို ရွေးချယ်လိုက်ကြသည်။ သူတို့အားလုံး တီရှပ်အနက်နှင့် ဘောင်းဘီပွပွ မီးခိုးဖျော့ကလေးတွေ ဆင်တူဝတ်ထားကြပြီး . . .ခေါင်းမှာပဝါလှလှကလေးတွေ စည်းထားကြ၏။ မိန်းကလေးဆိုလို့ မင်းမူတစ်ယောက်သာပါသည်။ ကျန်တာက ယောကျ်ားလေးချည်း လေးယောက်။ ဒီ Street Dance အဖွဲ့ကလေးကိုသူတို့ ဖွဲ့ ထားကြတာ . . . ဆယ်တန်းအောင်ပြီးကတည်းကဆိုတော့ နှစ်နှစ်ရှိခဲ့ပြီ . . .။ "UNIQUE"ဟု အမည် ပေးထားကြသော အဖွဲ့ကလေးမှာ အဖွဲ့ခေါင်းဆောင်က “လူခေတ်မင်း”ဖြစ်သည်။ သူက တီးလုံးတွေနှင့် ကကွက်တွေကို တီထွင်ဖန်တီးပေးထားသာ Choreography တာဝန်ကိုလည်း ယူထားသည်။ တကယ်တော့ ဒီကကွက်တွေကို အရူးသွပ်ဆုံးက လူခေတ်ပါပဲ။ ကျန်တဲ့သုံးယောက်က မိုးစျာန် . . . ရန်ရှင်းနဲ့ ဘုန်းမိုးတို့ ဖြစ်သည်။ သူတို့ငါးယောက်စလုံး ပြောမနာ ဆိုမနာ သူငယ်ချင်းတွေလည်းဖြစ်၊ ကရတာကို ဝါသနာကြီးလွန်း . . . ရူးသွပ်လွန်းသူတွေလည်း ဖြစ်တာမို့ ဒီ UNIQUE အကအုပ်စုကလေးကို ဖွဲ့စည်းထားခဲ့မိခြင်း ဖြစ်သည်။ အဲဒီအတွက် ရလဒ်ကတော့ လူကြီးတွေ၏ မျက်စိစပါးမွေးအစူးခံရခြင်းပဲဖြစ်သည်။ အထူးသဖြင့် မင်းမူပေါ့။ မိန်းကလေးတန်မဲ့နဲ့ ယောကျ်ားလေးတွေနှင့်ပေါင်းကာ ခုန်ပေါက်ကခုန်နေသော မင်းမူကို ဖေဖေရော မေမေပါ လုံးဝ ကြည့်လို့မရ။ ဆယ်ကျော်သက်တို့၏ ထုံးစံအတိုင်း ပြောမရဆိုမရ ပြန်မပြော နားမထောင်၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်လွန်းတာမို့ အမြင်ကပ်ကပ်နှင့် မျက်စိဒေါက်ထောက် ကြည့်နေကြခြင်းဖြစ်သည်။ ဘယ်လိုလုပ်မလဲ။ မင်းမူ ကိုယ်၌က ကခုန်ချင်

သော စိတ်တွေ အသွေး အသားထဲမှာစီးဆင်းလှည့်ပတ်နေတာကိုး။

"ငါ မနေ့က ကကွက်တစ်ခု အသစ်ရတယ်ကွ၊ အဲဒါ စမ်းကြည့်ရအောင်"

လူခေတ်က လက်ဆွဲ CD Player အသေးကလေးကို မြေပြင်ပေါ်မှာ ချထားလိုက်ပြီး တီးလုံးသံကို ခပ်ကျယ်ကျယ်ဖွင့်လိုက်သည်။ အဲဒီ လူခေတ်တို့ ရှုးပုံက သူ့ဆီမှာ Street Dance နှင့်ပတ်သက်သမျှ DVD တွေ၊ ရုပ်ရှင်တွေ၊ MTVတွေ၊ ဂြိုဟ်တုက လာတာတွေကို ကူးထားတာတွေ၊ အင်တာနက်ကနေ ရှာဖွေကူးယူထားတာတွေ အစုံရှိသည်။ သူများတွေ ဘယ်လိုထွင်ပြီး ဘယ်လို ကခုန်တယ်ဆိုတာကို အနုစိတ်လေ့လာတတ်ပြီး သူက ပြန်လည်တီထွင် ဖန်တီးတတ်တာဖြစ်သည်။ လူခေတ် ထွင်သော ကကွက်တွေဟာ ကလို့ကောင်းမှကောင်း။ ဆန်းသစ်လွန်းကာ အဲဒီကကွက်တွေ ကနေလျှင် လူတွေဝိုင်းအုံကြည့်လာတာကို ခံရသည်။ အခုလည်း သူတို့အဖွဲ့ တီးကွက်နှင့်အညီ စ၍ ကခုန်ကြပြီဆိုရင်ဖြင့် နံဘေးနား တစ်ဝိုက်မှာ လူငယ်ကလေးတွေ တစ်ယောက်စ နှစ်ယောက်စကနေ တဖြည်းဖြည်း များပြားလာခဲ့ပြီ။ သူတို့လည်း အရှိန်ရစပြုလာပြီ။ တစ်ယောက်ချင်းစီ ကိုယ့်စိတ်ကြိုက်က ကွက်တွေ အသီးသီးကပြီးတာနှင့် အုပ်စုလိုက် လူခေတ်ထွင်ထားသော တီးလုံး သံစဉ်တွေအလိုက် ရစ်သမ်ညီအောင် က ကြသည်။ သူအသစ်ထွင်ထားသော က ကွက်အသစ်ကို လူခေတ်က သူလိုချင်သည့် idea ကိုပြောပြပြီး တိုက်ယူသည်။ လူတွေဝိုင်းအုံကြည့်လာတာကို သူတို့ ဘယ်တုန်းကမှ မရှက်။ ပျော်တောင်ပျော်သေးသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လာတဲ့အထိ က ပြီးသွားလျှင် လက်ခုပ်သံတွေ ထွက်လာတတ်စမြဲ။ အဲဒါဆို မင်းမူတို့ပျော်နေပြီ။ ဘယ်သူမဆိုကိုယ့်ရဲ့ အလုပ်အပေါ် နှစ်ခြိုက်အားပေးကြတာကို ခံယူရလျှင် အားရှိပျော်ရွှင်ကြစမြဲပဲမလားလေ။

လူခေတ်ကတော့ အများကြီးကိုပဲ မျှော်လင့်ထားတာပါ။ အရင်ကတော့ အကအဖွဲ့တွေသိပ်ပြီး ခေတ်မစားလှပေမယ့် ခုတော့ သူ့ထက်ငါ အပြိုင်အဆိုင် dancers တွေ ခေတ်စားလာတဲ့အချိန်ရောက်ပြီ။ အဆိုတော်တွေ သီချင်းဆိုတဲ့ အနောက်မှာ backup dancers တွေ တော်တော်များများ အသုံးပြုလာခဲ့ပြီလေ။ လူခေတ်က ဘန်ကောက်လောက်အထိ ထွက်ပြီး အဖွဲ့လိုက်ကသော ပြိုင်ပွဲတွေဆီ ဝင်ပြိုင်ဖို့အထိ ရည်ရွယ်ထားသည်။ အဲဒီအတွက် တီးလုံးတွေ ကကွက်တွေ ဆန်းသစ်တီထွင်ဖို့ ကြိုးစားဆဲ။ မူပိုင်တို့၏ UNIQUE Street dance အဖွဲ့ကလေးက ခုချိန်အထိတော့ professional မဖြစ်သေးဘူးပေ့ါ။ အပျော်တမ်း အဖွဲ့ကလေးပဲ ရှိပါသေးသည်။ ဒါပေမဲ့ တစ်နေ့နေ့မှာ ဆိုသည့် မျှော်လင့်ချက်ကလေးတွေကတော့ သူတို့အားလုံး၏ ရင်ဘတ်တွေထဲမှာ ကိုယ်စီပေ့ါ။

"ဟူး . . . မောတယ်ကွာ၊ အအေးသွားသောက်ရအောင်၊ မင်းတို့ကို ငါ သတင်းတစ်ခု ပြောစရာရှိတယ်"

ဟု လူခေတ်က ပြောသည်။ သူတို့အားလုံး သစ်သီးဖျော်ရည်ဆိုင်ကလေးဆီ ထွက်လာခဲ့ကြသည်။ ချွေးတွေကိုသုတ်ရင်း . . .

"ရှေ့အပတ်ထဲမှာ audition တစ်ခုရှိတယ်ကွ၊ အဆိုတော် ( )ရဲ့ ရှိုးပွဲမှာ backup ကပေးဖို့ရယ်၊ သူနဲ့ပါ အကတိုက်ပြီး သင်ပေးဖို့ပေ့ါ၊ သူ့ပွဲဆိုသိတယ်မလား၊ ထုံးစံအတိုင်း ထူးထူးခြားခြား performance တွေနဲ့ လုပ်မှာလေ၊ ဒီပွဲအတွက် ငါတို့ အရွေးခံလိုက်ရရင် ငါတို့အတွက် အခွင့်အလမ်းတစ်ခု ပွင့်သွားတဲ့သဘောပေ့ါ၊ လက်ရှိနာမည်ကြီး dancers တွေလည်းရှိပါတယ်၊ ဒါပေမဲ့ သူက ကကွက်ခပ်ဆန်းဆန်းတွေ လိုချင်တာတဲ့၊ ဒါကြောင့် audition တစ်ခု လုပ်ပြီး သူ့စိတ်ကြိုက် dancers တွေကို ရွေးမယ့်သဘောပဲ၊ ငါ လျှောက်လွှာတင်လိုက်မယ်နော်၊

မင်းတို့ သဘောတူရဲ့လား”

လူခေတ်၏ မျက်လုံးတွေကို မင်းမူ သေသေချာချာပင် စိုက်ကြည့်မိသည်။ မျှော်လင့်ထက်သန်မှုတွေနှင့် စူးရှ ပြောင်လက်လို့နေသည်။ လူခေတ်ကို မင်းမူသဘောကျမိတဲ့အထဲမှာ သူ့ရဲ့ ထက်သန်ပြင်းပြတတ်လွန်းသော စိတ်ဓာတ်တွေက ပထမဖြစ်သည်။ အောင်မြင်ဖို့နည်းလမ်းတွေကို သူ အမြဲပဲရှာဖွေနေတတ်သည်မို့ သူ့မျက်ဝန်းတွေက အမြဲတမ်းတဖျတ်ဖျတ်လက်နေတတ်သည်။ ဘယ်တော့မှလည်း ငြိမ်နေသည်ရယ်လို့မရှိ၊ အခွင့်အလမ်းတွေကို အမြဲအာရုံစိုက်ရှာဖွေနေတတ်တာ။ သူအင်တာနက်ဆိုင်ထိုင်လျှင် ဘယ်နေရာမှာ ဘယ်ပြိုင်ပွဲတွေရှိမလဲ၊ ဘယ်သူက အကအဖွဲ့တွေ ရှာနေသလဲဆိုတာတွေပဲ ရှာနေတတ်တာ။ လူခေတ်ပုံစံက Step Up ရုပ်ရှင်ကားထဲက မင်းသား Channing Tatum နှင့်တထေရာတည်း။ ခန္ဓာကိုယ်ဖွဲ့စည်းပုံကအစ သူလေ့ကျင့်တည်ဆောက်ယူထားတာ။ သူဟန်ပါပါနှင့် ကခုန်လျှင် အရမ်းစိတ်လှုပ်ရှားယစ်မူးဖွယ်ကောင်းသည်။ ညို့မျက်ဝန်းနှင့် နှုတ်ခမ်းပြည့်ပြည့်ကလေးကို မင်းမူအမြဲတမ်းခိုးငေးကြည့်နေမိတတ်တာကို လူခေတ် သတိထားမိမယ် မထင်ပါဘူး။ သူ့ကြည့်ရတာ မိန်းကလေးတစ်ယောက်ကို သူတီထွင်ဆန်းသစ်လိုက်သော ကကွက်တွေလောက်တောင် စိတ်ဝင်စားရဲ့လားမသိ။

“တူပါတယ် . . .လူခေတ်ရာ၊ နာမည်ကြီး အဆိုတော်တစ်ယောက်ရဲ့ပွဲမျိုးမှာ ငါတို့အစွမ်းပြခွင့်ရမယ်ဆိုရင် ပွဲကပြီးပြီပေါ့၊ အားလုံးကသတိထားမိသွားရင် ငါတို့အတွက် professional လက်မှတ်ရပြီပေါ့”

မိုးစျာန်က တက်ကြွစွာပြောသည်။ ရန်ရှင်းနှင့်ဘုန်းမိုးတို့ကလည်းသဘောတူကြောင်း အချက်တွေပြကြသည်။

“အိုကေ . . .ဒါဆိုရင် ငါလျှောက်လွှာ ဒီနေ့ပဲ သွားတင်လိုက်မယ်၊

အရေးကြီးတာက နေ့တိုင်း အကတိုက်ဖို့ပဲနော်၊ ငါ့ရဲ့ ဂိုဒေါင်ဆီကိုတော့ မင်းတို့ညနေတိုင်းလာကြ၊ တစ်ပတ်ပဲအချိန်ရမှာ၊ မှန်မှန်တိုက်ချင်တယ်၊ ညနေ ငါးနာရီကနေ ခြောက်နာရီအထိပေါ့၊ မင်းမူ နင့်အိမ်က ဖြစ်ရဲ့လား၊ အပြန် ငါလိုက်ပို့ပေးမယ်”

“ဖြစ်ပါတယ် . . .ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ခါတိုင်းလည်းထွက်နေကျပဲ”

မင်းမူတို့ ငါးယောက်စလုံး အဝေးသင်ပဲယူထားကြတာမို့ နေ့တိုင်း ကျောင်းသွားတက်စရာ မလိုပါ။

“ကောင်းတယ် . . .”

သူက စတော်ဘယ်ရီဖျော်ရည်ကို အကုန်မော့ချလိုက်ပြီး . . .

“နောက်တစ်ခု ငါပြောစရာရှိသေးတယ်. . .”

ဟု စကားဆက်ပြန်သည်။ ဒီတစ်ခါက သူ့မျက်နှာက တစ်မျိုးလေး ပြောင်းလဲသွားတာကို မင်းမူပဲ ရိပ်မိနိုင်သည်။ မင်းမူက သူ့မျက်နှာပေါ်က စာမျက်နှာတွေကို ဖတ်နေကျလေ။ ဟုတ်တယ် . . . သူ့မျက်နှာက နူးညံ့သိမ်မွေ့သွားသလို။

“ဘာလဲ . .ဘာပြောမှာလဲ”

သူတစ်ချက်ပြုံးလိုက်ဟန်က ရှက်ကိုးရှက်ကန်းဆန်နေသလိုပါပဲ။

“ငါ Yoga သင်တန်းတစ်ခု စတက်မလို့ . . .”

“ဟား ဟား ဟား ! ဘာကြောင်တာလဲကွ၊ မင်းနဲ့ Yoga နဲ့ ဘာဆိုင်လို့လဲကွ”

“ဟ . . . ဆိုင်တာပေ့ါကွ၊ Yoga လေ့ကျင့်ခန်းတွေမှာ ကိုယ်နေဟန်

ထား ပျော့ပျောင်းလွန်းအောင် ဆွဲဆန့်ရတာတွေ အများကြီး၊ ငါတို့အက နဲ့ အများကြီး အသုံးဝင်တယ်ဟော့ကောင်”

သူက လုံးဝအလျှော့မပေးသည့်ဟန်ဖြင့် ဇွတ်ပြောနေသည်။

“နေစမ်းပါဦး . .. လူခေတ်ရဲ့ . . .နင်က ဘယ်သူ့သင်တန်းကို သွားတက်မှာလဲ၊ နန်းဆုကေဆွမ်ရဲ့ Yoga သင်တန်းလား”

“မဟုတ်ဘူး နောက်တစ်ယောက် ဖွင့်ထားတာရှိတယ်၊ သူ့သင်တန်းမှာ မင်းသမီးတွေ မော်ဒယ်တွေတောင် တက်တယ်ကွာ၊ ‘ရှင်းသန့်စိုပြေ’ဆီမှာသွားတက်မှာ”

“ဩော် . . .ဩော်၊ ပေါက်ပြီ.. . ပေါက်ပြီ၊ ငါတို့ပေါက်လိုက်ပြီ၊ မင်းဘာကြောင့် ယောဂသွား သင်ချင်သလဲဆိုတာကို .. .ပေါက်ပြီ သူငယ်ချင်း”

“ဘာလဲ . . .ငါတို့ပါ လိုက်တက်ပေးဖို့ လိုလို့လား”

“မင်းတို့ သဘောပါ၊ ငါက မင်းတို့ပါ လိုက်တက်ဖို့ မတိုက်တွန်းပါဘူး၊ ငါသွားတက်မယ်ဆို တာကိုပဲအသိပေးတာပါ”

အဲဒီစကားကိုကို ပြောပြီး လူခေတ်က မင်းမူဆီ တစ်ချက်လှမ်းကြည့်ကာ မေးဆတ်ပြသည်။ အခြေအနေကိုသဘောပေါက်မိလိုက်စဉ်မှာ . . .မင်းမူရင်ထဲ လှပ်ခနဲတော့ ဟာသွားမိသည်။ တစ်ခုခုကို ဆုံးရှုံးလိုက်ရလို့ လှပ်ဟာသွားပုံမျိုးလေ။ လူခေတ်စိတ်ဝင်စားသော မိန်းကလေးတစ်ယောက် ရှိလာပြီဆိုပါတော့လေ။ အဲဒီမိန်းကလေးဟာ မင်းမူပိုင်တော့ လုံးဝမဖြစ်နိုင်။ မင်းမူကရော သူ တစ်နေ့ မင်းမူကို ချစ်လာနိုင်တယ်လေလို့ မျှော်လင့်ခဲ့မိလို့လား။ ဟင့်အင်း ပါ . . .။ ကိုယ်ကချစ်တိုင်း သူ တုံ့ပြန်ရမယ်လို့ ဘယ်သူကပြောသလဲ။ ဒါပေမဲ့ သူလိုချင်တဲ့အချစ်ကိုတော့ သူ့

ကို ရစေချင်သား။

"ငါပါ . . .လိုက်တက်ပေးမယ် လူခေတ်"

မရည်ရွယ်ဘဲ ဖျတ်ခနဲပြောလိုက်ပြီးသား ဖြစ်သွားသည်။ သူက ကြည်လင်စွာပြုံးလျက် . . .

"ကျေးဇူးပဲ . . .မင်းမူ"

ဟု ပြန်ပြောသည်။ ဟိုသုံးကောင်လည်း မနေနိုင်။

"ငါတို့ပါ လိုက်တက်ပါ့မယ်ကွာ၊ မင်းက ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ဒီရောဂါ ရလာတာလဲ"

မိုးဈာန်၏အမေးကို သူကမဖြေဘဲ ပြုံးစိစိသာလုပ်နေသည်။ ထိုအပြုံးကိုငေးကာ မင်းမူ သက်ပြင်း ခိုးရှိုက်မိသည်။ အဲဒီအပြုံးတွေအတွက် မင်းမူ ဘယ်လောက် တိမ်းညွတ်ပျော်ဝင်မိခဲ့သလဲ ဆိုတာ မင်းမူသာလျှင် အသိဆုံးပေ့ါ။ မင်းမူ နားမလည်ပါ။ လူတစ်ယောက်ကို ချစ်မိတဲ့အခါ သူ့ကို တုပ်နှောင်သိမ်းပိုက်လိုက်ရမှာလား . . .လွတ်မြောက်ခွင့်ပေးလိုက်ရမှာလား၊ ဘယ်အရာက သူ့ကို ပိုချစ်ရာကျမလဲဟု မင်းမူ အခုကစပြီး တွေးရတော့မည်။ သွေးရူးသွေးတန်းတော့ မဖြစ်မိပါ။ မင်းမူ၏အချစ်က သန့်သန့်ကလေး။ သူ့ကိုချစ်နေရုံကလေး . . .သူစိတ်ချမ်းသာပျော်ရွှင်အောင်သာ မင်းမူ လုပ်ပေးချင်တာပါ။ မင်းမူအတွက် သူ့ကို အသုံးချလိုစိတ် လုံးဝမရှိ။ သံယောဇဉ်ဆိုတာ တစ်ယောက် နဲ့တစ်ယောက် နှောင်ဖွဲ့ထားလို့ရတဲ့အရာဆိုပေမယ့် တစ်ခါတစ်ခါ သူ့ကို လွတ်မြောက်ခွင့်ပေးထားရရင် ပိုပြီး ကြီးမြတ်သလိုပဲလေ။

*